# မြန်မာ့ဒီမိုကရေစီအရေး

## ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ

စက်တင်ဘာ ၂၃ ရက် ၂၀၀၄
published by
the Communication and Media Operators Committee

# ၃ ရက်မြောက်နေ့

☐ နယူးယောက်မြို့ ကုလသမဂ္ဂအဆောက်အဦးရှေ့ ရှိ ဒက်ဟမ်းမားရှိုး ပန်းခြံမှာ ရဲဘော်၇–ဦးရဲ့ ပရိတ်ရွတ်ဖတ် သရဇ္ဈာယ်သံ၊ မြန်မာပြည်သူလူထု အတွက်မေတ္တာပို့ ဆုတောင်းပေးနေသံတွေ ကြားနေရတာ သုံးရက် ရှိသွားပါပြီ။

☐ တနေ့ တာအချိန်တွေကို တရားထိုင်ခြင်းနဲ့ ပဲ အများဆုံးကုန်ဆုံး စေတဲ့ ရဲဘော်များရဲ့ အရှေ့ မှာ တော့...... သံကြိုးတွေအထပ်ထပ်ရစ်ပတ်ထားတဲ့ အကျဉ်းခန်းပုံစံတူ လှောင်အိမ်လေးတစ်ခု ထားရှိပြီး၊ လှောင်အိမ်ထဲမှာ ရဲရင့် တည်ကြည်တဲ့ မျက်လုံးတွေနဲ့ ငြိမ်းချမ်းစွာပြုံးနေတဲ့ အမျိုးသမီးတစ်ဦးရဲ့ ဓာတ်ပုံကနေရာယူထားပါတယ်။

☐ သူမကတော့ အမျိုးသားဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပါပဲ။

☐ ပန်းခြံရှေ့ ကဖြတ်သန်းသွားလာနေတဲ့ နိုင်ငံအသီးသီးက ပုဂ္ဂိုလ်တွေ နဲ့ လမ်းသွားလမ်းလာတွေ ဟာ အချိန်လုပြီး သွားလာနေကြရပေမယ့် သူမရဲ့ ဓာတ်ပုံကို မြင်တွေ့ လိုက်ရတဲ့ ခဏတာမှာ ခြေလှမ်းတွေကို ရပ်တန့်ပြီး လေးစားတဲ့မျက်လုံးတွေနဲ့ ငေးမောကြရပါတယ်။

☐ သော့ခတ်ပြီး လှောင်ပိတ်ထားတဲ့ အကျဉ်းခန်းငယ်လေးထဲကနေ "မြန်မာပြည်သူတွေ ရဲ့ အရေးကို သင်တို့ တတ်စွမ်းသမျှကူညီပါ" ဆိုတဲ့ သူမရဲ့ အသံတိတ် တောင်းဆိုနေသံတွေ ကို သူတို့ တွေ စာနာ ကြားသိကြောင်း ပြတဲ့ အနေနဲ့ အစာငတ်ခံဆန္ဒပြနေတဲ့ ရဲဘော်တွေအနားလာပြီး "သင်တို့ ဘက်က၊ မြန်မာပြည်သူပြည်သားတွေ ဘက်က ငါတို့ ရှိနေပါတယ်" လို့ လာရောက်အားပေးခဲ့ကြပါတယ်။

☐ အကျဉ်းကျခံ ဒေါ်အောင်ဆန်းစုကြည် ရဲ့ ဓာတ်ပုံအောက်မှာတော့ ရှစ်လေးလုံး အရေးတော်ပုံအတွင်းက ငြိမ်းချမ်းစွာဆန္ဒပြနေသူတွေကို စစ်တပ်က လက်နက်သုံးပြီးမတရားသတ်ဖြတ်ခဲ့တဲ့ပုံတွေကို ခင်းကျင်းပြသထားပါတယ်။ ကမ္ဘာကို မုသားမျိုးစုံ လိမ်ညာပြီး လှည့်ဖျားနေတဲ့ စစ်အာဏာရှင်တွေရဲ့ ရက်စက်ယုတ်မာ မှုတွေကို သက်သေပြနိုင်ဖို့ နယူးယောက် ဒီမိုကရေစီအင်အားစုများရဲ့ ကြိုးပမ်းမှုတစ်ခုပါ။

☐ ယနေ့ မှာ – ဓာတ်ပုံ လာရောက်ကြည့်ရှုသူတွေကြောင့် စည်ကားများပြားနေ သလို သတင်းစာ၊ တီဗွီ နဲ့ အသံလွှင့်ဌာနစတဲ့ မီဒီယာပေါင်းစုံ ကလည်း လာရောက်ပြီး မှတ်တမ်းတင်ကြတာမို့ ယမန်နေ့ တွေ ထက်ပိုပြီး ရဲဘော်တွေ အနားမှာ လူစည်ကားလို့ နေပါတယ်။

☐ သွေးအလူးလူးနဲ့ သေလုမျောပါးဖြစ်နေတဲ့ ကျောင်းသားလေးတွေ၊ လက်ကိုင်တုတ်တွေနဲ့ အရိုက်နှက်ခံနေရတဲ့ ရဟန်းသံဃာတွေ၊ လက်နက်မဲ့ ပြည်သူတွေကို သေနတ်ကိုယ်စီချိန်ထားတဲ့ စစ်သားတွေ ကို မပစ်ဖို့ အရပ်သား တစ်ဦးက ဝပ်တွားတောင်းပန်နေတဲ့ ပုံတွေ က မြင်ရသူအပေါင်း ရင်ကို ဆို့ နင့် စေပါတယ်။

☐ စစ်အာဏာရှင်တွေရဲ့ လိမ်ညာလှည့်ဖျားမုသားစကားတွေကို ပဲဆက်ပြီးနားထောင်နေသင့် သလား၊ အပစ်မဲ့ သေဆုံးခဲ့ရပြီး လက်ရှိ ဖိနှိပ်ခံနေရတဲ့ ပြည်သူလူထုတွေရဲ့ စစ်မှန်တဲ့ အသံတွေကိုပဲ နားထောင်သင့် သလားဆိုတာ ကုလသမဂ္ဂက ပြတ်ပြတ်သားသားဆုံးဖြတ်ဖို့ အချိန်တန်ပါပြီ။ "ရှစ်လေးလုံးအရေးတော်ပုံနဲ့ ဒီပဲယင်းမှာ ကျသွားတဲ့ ရဲဘော်တွေ ကို ပြန်မြင်ယောင်မိတိုင်း မနေ့ တနေ့ ကလို ပဲ ဝမ်းနည်းခံပြင်းနေရတုန်း"လို့

☐ တိုက်ပွဲဝင်ရဲဘော်တစ်ဦးဖြစ်တဲ့ ကိုခင်ဇော်က ဆိုပါတယ်။ သူက "သေသွားသူတွေအတွက် အသက်ရှင်ကျန်ခဲ့တဲ့ သူတွေကပိုပြီး ထိရောက်တဲ့ လှုပ်ရှားမှုတစ်ခုလုပ်သင့်တယ်ဆို တဲ့ ခံယူချက်နဲ့ ကျွန်တော် ဒီတိုက်ပွဲမှာ ပါဝင်ခဲ့တာပါ " လို့ ရှင်းပြပါသေးတယ်။

☐ အသက်ငါးဆယ့်တစ်နှစ်ရှိပြီဖြစ်တဲ့ ကိုခင်ဇော်ဟာ ဒီပဲယင်းလုပ်ကြံမှု ကြီးကြောင့် ပြည်ပကို ထွက်ပြေးတိမ်းရှောင်လာခဲ့တဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ် (မန္တလေးတိုင်း အနောက်တောင် မြို့နယ်) ကအဖွဲ့ ဝင်တစ်ဦးဖြစ်ပါတယ်။ အမေရိကကို ရောက်ရှိလာပြီးတာနဲ့ ဒီပဲယင်းကိစ္စ ဖြစ်ရပ်မှန်ရှင်းလင်းပွဲ တွေ ကို Washington D.C မှာနှစ်ကြိမ်၊ New York မှာသုံးကြိမ် Senate Hall, North Carolina နဲ့ Philadelphia မှာတစ်ကြိမ်စီ ကျင်းပပြီး စစ်အာဏာရှင်တွေရဲ့ ရက်စက်ယုတ်မာမှု၊ ကောက်ကျစ်မှုတွေကို သက်သေခံ ပြောကြားခဲ့သူလည်း ဖြစ်ပါတယ်။

☐ "ကျွန်တော်အစာမစားပဲ နေလေ့မရှိခဲ့ဘူး၊ သွေးတိုးအခံလည်းရှိတယ်၊ ဒီနေ့ တော့ ခေါင်းမူးပြီးအားနည်းလာတယ်၊ အမေစု ပြောတဲ့ "လုပ်သင့်တာကို အချိန်မဆွဲပဲလုပ်ပါ" ဆို တဲ့ စကားကို ကြားယောင်ရင်း အသက်စွန့် သွားတဲ့ ရောင်းရင်းတွေအတွက် ၊ မြန်မာပြည်သူတွေ အတွက် ကျွန်တော့ ရုပ်နဲ့ ခန္ဓာမြဲ နေသေးသရွေ့ လေးလေးနက်နက် ဆက်ပြီးတိုက်ပွဲဝင်သွားဦးမယ်" လို့ လာရောက်အားပေးသူတွေကို ပြောကြား လိုက်ပါသေးတယ်။

☐ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဝင် တစ်ဦးဖြစ်တဲ့ ရဲဘော်တင်ဌေး ကလည်း "အစာမစားရတာ သုံးရက်ရှိသွားပေမယ့် စိတ်ဆောင်နေလို့ လုံးဝ မဆာဘူးဗျ၊ အခုနေ ထပြေးဆို ကျွန်တော်ပြေးနိုင်သေးတယ်" လို့ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောပါတယ်။

☐ ဦးတင်ဌေးဟာ ၂၀၀၂–ခုနှစ်မှာ ပထမအကြိမ် ခွဲမျက်လုံးခွဲစိပ်ကုသမှု ခံယူထားပြီး၊ ဒုတိယ အကြိမ် ခွဲစိပ်ဖို့ ရက်ချိန်းကို စက်တင်ဘာလ ၂၃ရက်နေ့ မှာ တိုက်တိုက် ဆိုင်ဆိုင် ရထားတာမို့ ကုသမှုခံယူဖို့ ငြင်းလိုက်တယ်လို့ သိရပါတယ်။ Portland မှာ ကျန်ခဲ့တဲ့ အသက်၄နှစ်အရွယ်ရှိသူ့ အချစ်ဆုံးမြေးမလေးက "ဘိုးဘိုးပြန်မလာမချင်း ကျောင်းမသွားဘူးဆိုပြီး ငိုယိုဖုန်းဆက်နေလို့ စိတ်မကောင်းဖြစ်မိပေမယ့် မိသားစုအရေးထက် တိုင်းပြည်အရေးကိုပဲ ဦးစားပေးမယ်ဆိုပြီး အခုအိမ်ကဖုန်းကို ကိုင်တောင်မကိုင်တော့ဘူး" လို့ သူကပြောပါတယ်။

☐ သူတို့ နှစ်ဦးလိုပဲ ကျန်တဲ့ရဲဘော်များကလည်း ရှေ့ ဆက်ရမယ့် နေ့ တွေအတွက် တက်ကြွနေကြပြီး "မြန်မာပြည်သူ၊ ပြည်သားအားလုံး ငြိမ်းချမ်း ကြပါစေ၊ ကျွန်ုပ်တို့ ၏ ကိုယ်ကျိုးမဖက် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုနေခြင်းသည် လည်း အောင်မြင်ပါစေသတည်း" လို့ ဆုမွန်ကောင်းတောင်းဆိုလျက် နေ့ ည တွေကို ဖြတ်သန်း နေကြပါတယ်။

☐

☐ (မှတ်ချက်။ ။ ရဲဘော်များနှင့် အချိန်ကိုက် လုပ်ရှားမှုအနေဖြင့် ထိုင်းနိုင်ငံဘန်ကောက်မြို့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ရှေ့ တွင် မြန်မာ ၂၃–ဦးအစာငတ်ခံဆန္ဒပြခဲ့ရာမှ ထိုင်းအစိုးရက ဖမ်းဆီးလိုက် ကြောင်း နှင့် အဆိုပါရဲဘော်များသည် ထောင်ထဲမှာပင် ဆက်လက် အစာငတ်ခံဆန္ဒပြနေကြကြောင်း ကြားသိရသဖြင့် နယူးယောက်မှ အစာငတ်ခံ ဆန္ဒပြနေသော ရဲဘော်များက ဂုဏ်ပြုချီးကျူးလိုက်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။ Hunger strike ဓာတ်ပုံများနှင့် အား ပေးထောက်ခံကြောင်း ရေးသားပေးပို့ လာသည့် စာများကို http://longmarchandhungerstrike.odfb.org တွင်ဖော်ပြထားမည်ဖြစ်ပါသည် )

www.hungerstrike4burma.com
http:\\longmarchandhungerstrike.odfb.org